သင်ကြားပို့ချခြင်း
ဇန်နဝါရီ ၂၀၁၅

Natural Resource Governance Institute

# ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်လုပ်ငန်းများနှင့် နိုင်ငံတော်

## အနှစ်ချုပ်


- ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်လုပ်ငန်း အကြီးစားစီမံကိန်း များတွင် နိုင်ငံပိုင်လုပ်ငန်းများမှတဆင့် နိုင်ငံတော်က ပါဝင်လေ့ရှိသည်။
- ပါဝင်မှုအနေအထားမှန်ကန်ပါက နိုင်ငံအနေနှင့် ငွေရေးကြေးရေး အမြတ်ရနိုင်သည်။ စွမ်းဆောင်ရည်တိုးတက်မှု အမြတ်ရနိုင်သည်။ ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်လုပ်ငန်းများကို ကြီးကြပ်ရာတွင် ပိုမိုထိရောက်စွာကြီးကြပ်နိုင်သည်။
- သို့သော်လည်း နိုင်ငံတော်ပါဝင်မှု ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို အတား အဆီးဖြစ်စေနိုင်သည်လည်းရှိသည်။ ပြည်သူ့ဘဏ္ဍာ ဖြန်းတီးမှုများကိုလည်း ဖြစ်စေနိုင်တတ်သည်။ လာဘ်စားမှု၊ ကိုယ်ကျိုးရှာမှုများအတွက် အခွင့်အလမ်းများဖန်တီးပေးသည့် သဖွယ်လည်း ဖြစ်တတ်သည်။
- လွှတ်တော်အနေနှင့် နိုင်ငံပိုင်လုပ်ငန်းများနှင့် ပတ်သက်ပြီး ပုံမှန်အစီရင်ခံစာများ၊ ထိရောက်စွာ စောင့်ကြည့်မှုများကို ပြုလုပ်သင့်သည်။ နိုင်ငံ၏ဖွံ့ဖြိုးရေးပန်းတိုင်ကို တဖက် တလမ်းမှ ပံ့ပိုးပေးမှုဖြစ်စေရန် ရည်ရွယ်ကာ အကောင်အထည်ဖော်သည့် နိုင်ငံပိုင်လုပ်ငန်း များသည် ရည်မှန်းချက်နှင့်အညီ ကျင့်ကြံလည်ပတ်နေသလား၊ နိုင်ငံ၏ အဖိုးတန် သယံဇာတများကို စနစ်တကျ စီမံနေသလားကို သိရှိအကဲခတ်နိုင်ရန်အတွက် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ ကို စစ်ဆေးမှုများပြုလုပ်ရမည်။


သယံဇာတထုတ်ယူသည့် နိုင်ငံပိုင်လုပ်ငန်းများသည် တာဝန်ခံမှုရှိရမည်။ ရှင်းလင်းစွာ ပြဋ္ဌာန်းထား သည့် လုပ်ပိုင်ခွင့်များရှိရမည်။ အမြတ်ရစေရန်၊ လုပ်ငန်းလည်ပတ်မှု ချောမွေ့စေရန်အတွက် ရည်မှန်းချက်များ အခိုင်အမာချမှတ်ထားရမည်။
ဥပဒေသ ၆၊ သဘာဝသယံဇာတကျင့်ထုံး

## အဖွင့်

ရေနံ၊ဓာတ်ငွေ့၊ တွင်းထွက်များတူးဖော်ရာတွင် နည်းပညာပိုင်း၊ ငွေရေးကြေးရေးပိုင်းကို ထိန်းချုပ် မှုများ ပြုလုပ်နိုင်ရန်အတွက် နိုင်ငံပိုင်ကုမ္ပဏီများမှတဆင့်သော်လည်းကောင်း၊ ပိုင်ဆိုင်သူ အကျိုး အမြတ် (သို့မဟုတ် နိုင်ငံဝေစု ) ရယူခြင်းတို့ကို ဆောင်ရွက်လေ့ရှိသည်။ ဘရာဇီး၊ ချီလီ၊ နော်ဝေ ကဲ့သို့သောနိုင်ငံအချို့သည် စီးပွားရေးအကျိုးအမြတ် ဖော်ဆောင်နိုင်သည့် အရည်အချင်းပြည့်ဝသော နိုင်ငံပိုင်ကုမ္ပဏီများ တည်ထောင်ထားနိုင်ပြီး ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်လုပ်ငန်း စီမံကိန်းများကို နိုင်ငံသားတို့ဆန္ဒ၊ နိုင်ငံ၏ ရည်မှန်းချက်နှင့်အညီ အမြတ် ထွက်အောင် ဆောင်ရွက်နိုင်ကြသည်။ နိုင်ငံပိုင်ကုမ္ပဏီများအနေဖြင့် အတွေ့အကြုံရင့်ကျက်လာ ပြီဆိုပါက နိုင်ငံခြားမိတ်ဖက်များပေါ် မှီခိုမှုများကိုလျော့ချနိုင်မည်၊ နိုင်ငံဘတ်ဂျက်ထဲသို့ ဘဏ္ဍာအမြောက်အများဖြည့်တင်းပေးနိုင်မည်၊ ဒေသခံများပိုင်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ ဖြိုးမှုကိုလည်း အားကောင်းစေမည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံပိုင်ကုမ္ပဏီများ တည်ထောင်ကာစ အချိန်များတွင် ဥပမာ ဂါနာ၊ အန်ဂိုလာနိုင်ငံတို့မှ နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍမှာ ခပ်မှိန်မှိန်သာရှိသည်။ နိုင်ငံတကာလုပ်ငန်းစုကြီးများ၏ အသေးစားမိတ်ဖက် လုပ်ငန်း အဖြစ်နှင့်သာ ရပ်တည်ရသည်များလည်းရှိသည်။

နိုင်ငံပါဝင်မှုတွင် ကျရောက်နိုင်သည့် အဆုံးအရှုံးကြီးကြီးမားမားရှိသည်။ ဝန်ထမ်းခန့်ထားခြင်း သို့မဟုတ် ကြီးကြပ်စောင့်ကြည့်ခြင်း တို့တွင် အားနည်းချက်များရှိခဲ့ပါက နိုင်ငံပိုင်လုပ်ငန်းများ သည် စီမံကိန်းဆောင်ရွက်မှုများကို နှောင့်နှေးစေသည်၊ နိုင်ငံအတွက် ဘဏ္ဍာများကိုလျော့နည်းစေသည်၊ လာဘ်စားမှုများပေါ်ပေါက်လာစေနိုင်သည်။ နိုင်ငံအတော်များများတွင်တော့ နိုင်ငံပိုင်လုပ်ငန်းများသည် ပြည်သူ့ဝန်ထမ်းများ၏ ကိုယ်ကျိုးရှာအသုံးချခံများဖြစ်သွားကြရသည်။ သို့မဟုတ် ဝန်ထမ်းဦးရေဖောင်းပွပြီး နိုင်ငံစီးပွားရေးတိုးတက်မှုအတွက် အနည်းငယ်သာ ဆောင်ရွက် နိုင်သည်မျိုးလည်းကြုံတတ်သည်။ နိုင်ငံ၏ အမြတ်ရှယ်ယာရင်းနီးမြုပ်နှံမှု  သည်လည်း ရင်းနီးမြုပ်နှံမှုစရိတ်များထည့်ဝင်ရသဖြင့် နိုင်ငံ၏ အဓိက စီးပွားရေးမောင်းနှင်အားအဖြစ် သဘာဝသယံဇာတပေါ် မှီခိုရမှုများကိုတိုးလာစေသည်။ လွှတ်တော် အနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍကို ပြဋ္ဌာန်းသည့် ဥပဒေများရေးဆွဲရာ၊ ကျင့်သုံးရာတွင် အဓိကကျသည့်နေရာမှပါဝင်နိုင်သည်။ ကောင်းမွန်သည့် ကော်ပိုရိတ် အုပ်ချုပ်ရေး၊ ပွင့်လင်းမြင်သာရေး၊ အားကောင်းထိရောက်သည့် စီမံမှုများပေါ်ပေါက်လာရေးအတွက် လွှတ်တော်က ဥပဒေများပြဋ္ဌာန်းစောင့်ကြည့်ခြင်းဖြင့် အရေးပါသည့်နေရာမှ ပါဝင်နိုင်သည်။ နိုင်ငံပိုင် ကုမ္ပဏီများ၊ ဒေသအကျိုးဖွံ့ဖြိုးရေးအစီအစဉ် ဦးစီးရသူများသည် လွှတ်တော်၏ စောင့်ကြည့် ထိန်းကျောင်းမှု၊ ပုံမှန်စစ်ဆေး အစီရင်ခံမှုကို ခံယူသင့်သည်။

## နိုင်ငံဝင်ရောက်လုပ်ကိုင်ရသည့် ရည်ရွယ်ချက်

နိုင်ငံအနေဖြင့် ပိုင်ဆိုင်မှုရှယ်ယာယူခြင်းသို့မဟုတ် ရှယ်ယာယူခြင်းဖြင့် အကျိုးကျေးဇူးကြီး သုံးပါး ရရှိနိုင်သည်။

## စွမ်းဆောင်ရည်တိုးတက်ခြင်း

နိုင်ငံပိုင်ကုမ္ပဏီမှ တဆင့်အစိုးရက ရှယ်ယာယူထားသည်ဆိုပါက နိုင်ငံပိုင်ကုမ္ပဏီသည် ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်များ စီးပွားဖြစ်ထုတ်လုပ်ရာတွင် ကျွမ်းကျင်ကုံလုံလာနိုင်သည်။ အချိန်ကြာလာသည် နှင့်အမျှ ကျွမ်းကျင်မှုပိုလာလေ နိုင်ငံခြားကုမ္ပဏီကို မှီခိုရမှုလျော့ချနိုင်လေဖြစ်သည်။ စက်မှုပိုင်းဆိုင်ရာ ဖွံ့ ဖြိုးမှုကိုလည်း ပံ့ပိုးအားပေးသည်။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံ၏ နိုင်ငံပိုင်ကုမ္ပဏီPetrobras နှင့် မလေးရှားနိုင်ငံ၏  Petronas တို့ဖြစ်သည်။ နိုင်ငံပိုင်သည်ဆိုရုံနှင့်တော့ ထိုကဲ့သို့မျိုးအောင်မြင်တိုးတက်ကြသည်ချည်းတော့ မဟုတ်ပါ။ နိုင်ငံပိုင်လုပ်ငန်းအများပြားမှာ အမြတ်မထွက်၊ မတိုးတက်သည်လည်းရှိသည်။ နိုင်ငံပိုင် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် တဆင့်ပြီးတဆင့် ကျွမ်းကျင်မှုသင်တန်းပေးမှု၊ ပညာသင်ကြား ပေးမှုများကို ဖွဲ့သန်သန်နှင့် ဆောင်ရွက်ရန်လိုသည်။ လိုအပ်ချက်များဖြည့်ဆည်းပေးရန် နှင့် ကျွမ်းကျင်မှုများ တည်ဆောက်ရန်အတွက် ပုဂ္ဂလိက ကုမ္ပဏီများကိုလည်း အချိန်ကိုက်နေရာပေး တွဲဖက် ဆောင်ရွက် ရန်လိုသည်။

## စောင့်ကြည့်ထိန်းကျောင်းမှု တိုးတက်စေသည်

ရေနံ၊ ဓာတ်ငွေ့နှင့်တွင်းထွက်လုပ်ငန်းလုပ်ငန်းများ၏ ရှယ်ယာရှင်အနေဖြင့် နေရာတခုရသဖြင့် အစိုးရ အရာရှိများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများလှုပ်ရှားမှုများကို စောင့်ကြည့်သည့် ၄င်းတို့အရည်အသွေးများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရသည်။ရှယ်ယာကို အသုံးချပုံကတော့ အမျိုးမျိုး ဖြစ်သည်။ ထရီနီဒက်နှင့် တိုဘာဂို  ကတော့ရှယ်ယာကို ဥပဒေကြပ်မတ်ရာတွင် အသုံးချသည်။ အစိုးရ အတော်များများ၏ ရှယ်ယာများမှာ အဓိကဆုံးဖြတ်ချက်ချသည့်အခါတွင် ထည့်သွင်းစဉ်းစားခြင်းမခံရပါ။ ထိုကဲ့သို့သောနိုင်ငံမျိုးများတွင် စာချုပ်ပါအချက်များက အစိုးရ၏စည်းမျဉ်းစည်းကမ်း ကြပ်မတ်နိုင်မှု အာဏာ ထက် လွှမ်းမိုးသက်ရောက်မှုအနည်းငယ်ပိုသည်။  တက်ကြွစွာပါဝင် ဆောင်ရွက်နိုင်ရေး၊ သတင်းအချက် အလက်မျှဝေရေးကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် အစိုးရများအနေနှင့် ရှယ်ယာသဘောတူညီချက် များညှိနှိုင်းရာတွင် အသေအချာညှိနှိုင်းသင့်သည်။ အရေးကြီးသည်မှ ဘုတ်အစည်းအဝေးများတွင် အစိုးရ ကိုယ်စားလှယ်ရှိနေရမည်။ ပူးတွဲအကောင်အထည်ဖော်ရေးကော်မတီတွင်လည်း အစိုးရကိုယ်စားလှယ် များပါဝင်နေရမည်။ ပါဝင်မည့်ကိုယ်စားလှယ်ကလည်း စာရွက်စာတမ်းများ၊ လုပ်ငန်းအစီအစဉ်များကို ချောမွေ့စွာကိုင်တွယ်နိုင်ရန် စွမ်းဆောင်ရည်ရှိသူဖြစ်ရမည်။

## ငွေကြေးအမြတ်အစွန်းရရှိခြင်း

ရှယ်ယာပိုင်ဆိုင်ထားမှုအရ အရ နိုင်ငံအနေနှင့်  ကုန်စည်ခွဲတမ်းရရှိသည်။ ယင်းကို နိုင်ငံသို့မဟုတ် နိုင်ငံပိုင်ကုမ္ပဏီက ဖြစ်ဖြစ်ရောင်းချနိုင်သည်။ သို့မဟုတ် ခွဲတမ်းပမာဏအတိုင်း ငွေကြေး ဖြင့်တွက်ချက်ပြီး ကုမ္ပဏီက နိုင်ငံသို့ပေးသွင်းရသည်။ စီမံကိန်းက မြတ်စွန်းသည့်အခါတွင်  ရှယ်ယာ အရ အမြတ်ခွဲဝေပေးသည့် ပုံစံမျိုးလည်းရှိသည်။ ကုမ္ပဏီတွင် အမြတ်ထွက်သည့်အခါရှယ်ယာရှင်များကို အမြတ်ခွဲပေးသည့် ပုံစံမျိုးနှင့်တူသည်။ ထိုကဲ့သို့ပုံစံမျိုးတွင် ပုဂ္ဂလိကကုမ္ပဏီများက ငွေကြေးစာရင်းကိုင်တွယ်မှု အပိုင်းကိုထိန်းချုပ်ထားသည်။ ရလဒ်အနေဖြင့် အရင်းအနှီး၊ ကုန်ကျငွေ အားလုံး ကိုနှုတ်ပြီး နှစ်ပေါင်းအတော်ကြာသည့်အခါမှ အမြတ်ခွဲပေးခြင်းများ ဖြစ်ပေါ်လာသည်။ ငွေစာရင်း လိမ်လည် မှုများလည်း ပြုလုပ်လာနိုင်သည်။ နိုင်ငံအတွက် အမြတ်ရှယ်ယာခွဲဝေမှု ရသင့်သလောက်မရတော့ပေ။

| ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများတွင်ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများတွင် နိုင်ငံပိုင်လုပ်ငန်းများ ပါဝင်ပုံ | ဥပမာ | ကောင်းကျိုး | ဆိုးကျိုး |
|---|---|---|---|
| ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများတွင် နိုင်ငံပိုင်လုပ်ငန်းများ ပါဝင်ပုံ နိုင်ငံပိုင်လုပ်ငန်းများသည် တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို တဦးတည်း လုပ်ကိုင်သည်။ ပုဂ္ဂလိက ကုမ္ပဏီများ၏ အခန်းကဏ္ဍ မှာ နိုင်ငံပိုင်လုပ်ငန်းများသို့ ဝန်ဆောင်မှုပံ့ပိုးသူ "service provider" အဖြစ်သာ ရှိသည်။ | ဆော်ဒီ၊ မက္ကဆီကို | နိုင်ငံက အပြည့်အဝ ထိန်းချုပ်ထားသည်။ နိုင်ငံပိုင်လုပ်ငန်းများသည် စီမံကိန်းအားလုံး ကို အဓိက စီမံသည်။ | ကဏ္ဍရင်းနှီးမြုပ်နှံမှုသည် နိုင်ငံပိုင်လုပ်ငန်းများ ၏ ငွေရင်းစိုက်ထုတ်နိုင်မှုပေါ်တွင် ၁၀၀ ရာခိုင်နှုန်းမူတည်နေသည်။ အပြိုင်အဆိုင်မရှိသဖြင့် စွမ်းဆောင်ရည်များ တိုးတက်သင့်သလောက် မတိုးတက်။ |
| နိုင်ငံပိုင်လုပ်ငန်းများသည် လုပ်ကွက်ရရှိသူဖြစ်ပြီး "concessionaire" အကောင်အထည်ဖော်ရန် ၄င်းနှစ်သက်သည့် ပုဂ္ဂလိက ကုမ္ပဏီကို ရွေးချယ်နိုင်သည်။ | အန်ဂိုလာ၊ မလေးရှား၊ ဂါနာ | မိတ်ဖက်ရွေးချယ်ရာတွင် နိုင်ငံပိုင်လုပ်ငန်းက လွတ်လပ်စွာရွေးချယ်နိုင်သည်။ သို့သော်လည်း ရွေးလိုက်သည့် ကုမ္ပဏီက စွမ်းဆောင်ရည်ပြည့် မပြည့်ကိုတော့ အာမခံမှုမရှိ။ | စားကျက် လုမှုများ ဖြစ်နိုင်သည်။နိုင်ငံပိုင်လုပ်ငန်းများက ၄င်း၏ လုပ်ငန်းတွင်း ရည်ရွယ်ချက်များ ကိုမူတည်ကာ ဆောင်ရွက်ခြင်း ဖြစ်သော ကြောင့် စွမ်းဆောင် ရည်ပိုင်း၊ ရင်းနှီးမြုပ်နှံမှု ပိုင်းတွင်အားနည်းနိုင်သည်။ |
| စီမံကိန်းနှင့်ပတ်သက်ပြီး နိုင်ငံပိုင်လုပ်ငန်းက ဦးဆောင်သည့်နေရာမှ ပါဝင်ရမည်ဟု အာမခံသည်။ သို့သော်လည်း အစိုးရဌာန တခုက ဖက်စပ် ဆောင်ရွက်မည့် ပုဂ္ဂလိက ကုမ္ပဏီကို ရွေးချယ်မည်။. | ဘရာဇီးကမ်းလွန်လုပ်ကွက် အသစ်များ၊ အင်ဒိုနီးရှား | စီမံကိန်းတွင် နိုင်ငံပိုင်လုပ်ငန်းက ဦးဆောင် ပါဝင်ရမည်ဖြစ် သော်လည်း ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ပြန်လှန် စစ်ဆေး ခြင်း၊ ထိန်းညှိခြင်းများကို တင်း ကျပ်စွာ ဆောင်ရွက်သွား မည်။ | နိုင်ငံပိုင်လုပ်ငန်းများကို ပစားပေး ပါဝင်ခိုင်းခြင်းကြောင့် နိုင်ငံပိုင်လုပ်ငန်း၏ အမြင့်ဆုံး စွမ်းဆောင်ရည်ကို ရနိုင်ရန်ခက်ခဲသည်။ နိုင်ငံခြားရင်းနှီးမြုပ်နှံသူများက လည်း ပံ့အောရင်းနှီးမြုပ်နှံမှုများ ကို ချင့်ချိန်ဆောင်ရွက်တော့မည်။ |
| စီမံကိန်းများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရန် အတွက် နိုင်ငံပိုင် လုပ်ငန်းသည်လည်း သတ်မှတ် ချက်များပြည့်မှီရမည်/ ညှိနှိုင်း ရမည်၊ သာမန်ထက် ပိုသည့် ဦးစားပေးမှုမျိုး ခံစားရမည်။ | ကာဇက်စတန်၊ မက္ကဆီကို (၂၀၁၃ - လက်ရှိကာလ ) | နိုင်ငံပိုင်လုပ်ငန်းများ အနေဖြင့် အရည်အသွေး ပြည့်နေရန် ကြိုးစားရတော့မည်။ နိုင်ငံပိုင် လုပ်ငန်းသည်လည်း စီမံကိန်း အတော်များ များတွင် ခိုင်ခိုင်မာမာ ရပ်တည်ပါဝင်နိုင်မည်။ | အပြည့်အဝ ဖွင့်ပြီးယှဉ်ပြိုင် သည်လောက်တော့ ပြိုင်ဆိုင်မှု မပြင်းထန်ပါ။ |
| (အဖွင့် ယှဉ်ပြိုင်ခြင်း) နိုင်ငံပိုင်လုပ်ငန်းများ သည်လည်း အခြား ပုဂ္ဂလိက ကုမ္ပဏီများ နည်းသူ ဝင်ရောက်ယှဉ်ပြိုင်ရမည်။ | နော်ဝေ၊ ကိုလံဘီယာ | နိုင်ငံတွင်းလည်ပတ်နေသည့် ကုမ္ပဏီများ၏ အရည်အသွေး တိုးတက်လာစေရန် တွန်းအားပေးသည်။ နိုင်ငံပိုင် လုပ်ငန်းအနေနှင့်လည်း ၄င်း၏ အရည်အသွေးတိုးတက်လာစေရန် ဆောင်ရွက်ရေးအားပေးသည်။ | နိုင်ငံပိုင်လုပ်ငန်းဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည်။ အထူးသဖြင့် တည်ထောင်ကာစ နှစ်များတွင် တင်ဒါရရှိရေးအတွက် ယှဉ်ပြိုင်ရာတွင် အခက်အခဲ တွေ့နိုင်သည်။ သင်ယူ ကြီးထွားရန်အတွက် အခွင့်အလမ်း မရှိပဲဖြစ်သွားမည်။ |
| နိုင်ငံပိုင်လုပ်ငန်းမရှိသည့် နေရာ | အမေရိကန်ပြည်ထောင်စု | အဖွင့် ယှဉ်ပြိုင်ခြင်း - ဈေးကွက် အင်အား၊ တီထွင်ဆန်းသစ်မှု တို့ဖြင့် တအားတွန်း ယှဉ်ပြိုင်ကြသဖြင့် နိုင်ငံအတွက် အကျိုးအမြတ်များကို အခွန်အခ များမှ တဆင့် | နိုင်ငံဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မှီရန်၊ ဒေသအကျိုး ဖော်ဆောင်ရန်အတွက် နိုင်ငံပိုင်လုပ်ငန်းများကို အသုံးချရန် အခွင့်အလမ်းမရှိ |

ဇယား ၁။ ရေနံကဏ္ဍတွင် နိုင်ငံ၏ ဝင်ရောက်လုပ်ကိုင်မှုပုံစံများ

## နိုင်ငံပါဝင်မှုအခြေခံ

ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံတော်က ကိုယ်တိုင်ကိုယ်ကျဝင်ရောက်လုပ်ကိုင်ခြင်းသည် ၁၉၇၀ နှစ်များ တွင် အကြီးအကျယ်ခေတ်စားလာခဲ့သည်။ ရေနံထုတ်လုပ်တင်ပို့သည့်နိုင်ငံများအသင်း ဝင်နိုင်ငံများမှ ပုဂ္ဂလိကကုမ္ပဏီများကို ပြည်သူပိုင်သိမ်းမှု များအကြီးအကျယ်ပြုလုပ်ခဲ့သည့် ကာလဖြစ်သည်။အစိုးရအတော်များများက ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းများ တွင် တဦးတည်းလက်ဝါးကြီးအုပ်လုပ်ကိုင်ခြင်းရှိသလို ပုဂ္ဂလိကကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်သည် လည်းရှိသည်။ ထိုကဲ့သို့သောနိုင်ငံကဝင်ရောက်လုပ်ကိုင်ခြင်းကို နိုင်ငံပိုင်လုပ်ငန်းများမှတဆင့် ဆောင် ရွက်မှုများရှိသကဲ့သို့ ဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများမှတဆင့် ဆောင်ရွက် သည်လည်း ရှိသည်။

## နိုင်ငံပိုင်အမြတ်ရှယ်ယာအမျိုးအစားများ

### ဝယ်ယူသည့်ရှယ်ယာ

ရှယ်ယာတန်ကြေးအတိုင်း ဈေးကွက်ပေါက်ဈေးဖြင့်ဝယ်ယူသည်။ စီမံကိန်းအတွက် ကုန်ကျငွေများကို အခြား ပုဂ္ဂလိကရှယ်ယာရှင်များတည်းတူစိုက်ထုတ်ရသည်။ ထိုကဲ့သို့ဝယ်ယူသဖြင့် နိုင်ငံပိုင်ကုမ္ပဏီက အမြတ်ရရန်အားထုတ်မှုကို ပံ့ပိုးပေးနိုင်သည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကုမ္ပဏီ အဖြစ် တိုးတက်ပြောင်းလဲမှုကိုလည်း တစ်အားဖြစ်စေသည်။ သို့သော်လည်း ငွေကြေးကျပ်တည်းသည့် နိုင်ငံများအနေဖြင့်တော့ ရှယ်ယာဝယ်ယူရန် ငွေရင်းစိုက်ထုတ်မှုများခြင်း သို့မဟုတ် မမျှော်လင့်ထားသည့် ကုန်ကျမှုများ ဝင်လာသည့်အခါတွင် ပြည်သူ့ဘဏ္ဍာကိုချိန့်စေပြီး ဈေးနှုန်းအတက်အကျများသော ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်ပေါ်တွင် မှီခိုရမှုကို မြင့်တက်စေသည်။ ခုနှိမ်ရှယ်ယာ အစိုးရက လုပ်ငန်းရှင်နှင့် ညှိနှိုင်းပြီး ရှယ်ယာရယူသည့်အခါမျိုးလည်းရှိသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်က ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက် လုပ်ငန်းအတွက် ကုန်ကျငွေများကို စိုက်ထုတ်ထားပြီး အစိုးရထည့်ဝင်ရမည့် ရှယ်ယာတန်ဖိုးကို ရရှိသည့် အမြတ်မှ ခုနှိမ်နုတ်ယူသွားသည်။ နိုင်ငံမှ ငွေကြေးတပြိုင်နက်ထုတ်ရန်မလို သော်လည်း ရှယ်ယာမှ ငွေကြေးအမြတ်ရရန်မှာ ကာလတခုစောင့်ရမည်။

### အဖိုးစားနားစိုက်ထုတ်ခြင်းမရှိပဲ ရယူသည့်ရှယ်ယာ။

။ ရှယ်ယာတန်ဖိုး တစုံတရာမပေးပဲ ရယူသည်။ ငွေကြေးတစုံတရာပေးရခြင်းမရှိသော်လည်း အခမဲ့ ရရှိသည်တော့မဟုတ်ပါ။ အဖိုးစားနားစိုက်ထုတ်ခြင်းမရှိပဲ ရယူသည့်ရှယ်ယာကြောင့် ရင်းနှီးမြုပ်နှံသူများတွန့်ဆုတ်သွားသည်များဖြစ်နိုင်သည်။ အဖိုးစားနားစိုက်ထုတ်ခြင်းမရှိပဲ ရယူသည့်ရှယ်ယာရယူသည်ဆိုပါက နိုင်ငံအနေနှင့် ဘဏ္ဍာရေးစနစ်တွင် အလျော့အတင်းပြုလုပ်ရတော့မည် ဖြစ်သည်။ အခွန်လျော့ပေါ့ပေးခြင်း သို့မဟုတ် အခွန်တော်နှုန်းလျော့ခြင်းများပြုလုပ်ရမည်။

## နိုင်ငံပိုင်လုပ်ငန်းများကို အုပ်ချုပ်ခြင်း၊ စီမံခြင်း

ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုမရှိ၊ တာဝန်ခံမှုမရှိဘဲ နိုင်ငံပိုင်လုပ်ငန်းမှတဆင့် ရှယ်ယာ ကိုင်ထားပါက အုပ်ချုပ်ရေးလုပ်ငန်းများတွင် ပြဿနာဖြစ်စေသည်။ နိုင်ငံအတွက် အခွန်ဘဏ္ဍာဆုံးရှုံးမှု အများအပြား ကိုပေါ်ပေါက်စေသည်။ လွတ်တော်စောင့်ကြည့်မှုတွင်မရှိသည့် ဘတ်ဂျက်ပြင်ပ သုံးစွဲမှုများ၊ ကိုယ်ကျိုးရှာမှုများကို ဖြစ်စေနိုင်သည်။ (ဇယား ၁ ကိုကြည့်ပါ) အရည်အချင်းမပြည့်မှီသည့် ကုမ္ပဏီများက ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက် လုပ်ငန်းစီမံကိန်းလည်ပတ်မှုများကို နှောင့်နှေးစေသည်။ အချိတ်အဆက် မမိသဖြင့် အမြတ်နည်းစေသည် သို့မဟုတ် အရှုံးပေါ်စေနိုင်သည်။ ထိုကဲ့သို့သောကုမ္ပဏီများသည် နိုင်ငံ အတွင်း သီးသန့်အုပ်စု များဖြစ်လာပြီးနိုင်ငံရည်မှန်းချက်ကို ပြည့်မှီရန်ထက် ကိုယ်ပိုင်ဆန္ဒများကို ဦးစားပေးအကောင်အထည်ဖော်သည့် အဖွဲ့အစည်းဖြစ်သွားနိုင်သည်။ လမ်းတံတား တည်ဆောက်ရေးမှသည် လက်နက်ဝယ်ယူသည့်ကိစ္စထိ အရေးအရာကြီးများကို ပြည်သူများစုံစမ်းစစ်ဆေး မှုမှ ရှောင်ကွင်းရန်အတွက်လည်း အသုံးချသည်လည်းရှိသည်။ နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် အသုံးပြု သည်လည်းရှိသည်။

## သဘာဝသယံဇာတရံပုံငွေများတွင် ပွင့်လင်းမြင်သာမှုအရေးပါပုံ

သဘာဝသယံဇာတ ရံပုံငွေတည်ထောင်ခြင်းသည် သယံဇာတကြွယ်ဝသည့်နိုင်ငံများ၏ ဝင်ငွေစီမံမှုမူဝါဒများတွင်အသုံးများသည့် နည်းလမ်းတခုဖြစ်လာသည့်အလျောက် ထိုများလှစွာသော ဝင်ငွေ အစုလိုက်ကို ကောင်းစွာစီမံနိုင်ရန်မှာ အရေးကြီးသထက်ကြီးလာသည်။ သဘာဝသယံဇာတ ရံပုံငွေ ပွင့်လင်းမြင်သာမှုရှိရန်အတွက်


- မူဝါဒရေးဆွဲသူများနှင့် စီမံသူများအတွက် တိတိကျကျ သတ်မှတ်ထားသည့် တာဝန်နှင့် အခန်းကဏ္ဍရှိရန်လိုသည်
- အလွယ်တကူရယူနိုင်သည့် အများပြည်သူသိစေရန် ပြင်ဆင်ထုတ်ပြန်သည့် သတင်း အချက်အလက်များလိုသည်။
- ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များနှင့် အစီရင်ခံလုပ်ငန်းစဉ်များသည် ပွင့်လင်းမှုရှိရန်လိုသည်။
- တိကျသည့်သတင်းအချက်အလက်များကိုအာမခံချက်ရှိရှိနှင့်ထုတ်ပေးရမည်။

ဇယား ၃။ တွင်းထွက်ကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများ၏ ပြည်သူ့ဘဏ္ဍာ ဝင်ငွေနှင့် အသုံးစရိတ်ပြဇယား ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်

| နိုင်ငံ | ကုမ္ပဏီ | ပြဿနာ |
|---|---|---|
| အန်ဂိုလာ | SONANGOL | ၂၀၀၇ - ၂၀၁၀ နှစ်များအတွင်း နိုင်ငံကိုယ်စား စီမံကိန်းများ ကိုင်တွယ် သည့် နိုင်ငံပိုင်ရေနံကုမ္ပဏီ၏ အစီရင်ခံသည့်စနစ်အားနည်းချက်သည် ပြည်သူ့ဘဏ္ဍာ အမေရိကန် ဒေါ်လာ ၃၂ ဘီလီယံကွာဟချက်ကို ဖြစ်စေ သည့် အဓိကအကြောင်းရင်းဖြစ်သည်။ ယင်းပမာဏသည် နိုင်ငံ GDP ၏ ၄ ပုံ၁ပုံဖြစ်သည်။ |
| အဇာဘိုင်ဂျန် | Socar | Global Witness က ထုတ်ဝေသည့် Azerbaijan Anonymous အစီရင်ခံစာတွင် ဖော်ထုတ်ထားချက်အရ Socar ၏ လုပ်ငန်းများ အနက် မှ အနည်းဆုံး ၄၈ ခု၏ ပိုင်ဆိုင်သူမှာ Anar Aliyev ဖြစ်ပြီး ယင်းတွင် ကုန်စည် ခွဲဝေရေး သဘောတူညီချက်၊ ဖက်စပ်လုပ်ငန်းများလည်း ပါဝင်သည်။ |
| နိုင်ဂျီးရီးယား | NNPC | ၂၀၁၁ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးက ရေနံမှရမည့်ဝင်ငွေကို ၃၉ ရာခိုင်နှုန်း ပိုပြီး ခန့်မှန်းမိသည်။ အဓိကအကြောင်းမှာ နိုင်ငံပိုင်ရေနံ ကုမ္ပဏီက ငွေကြေးလွှဲပြောင်းမှုမရှိသောကြောင့်ဖြစ်သည်။ |

ဇယား ၂ - ထိရောက်သော ထိန်းကျောင်းစောင့်ကြည့်မှု၊ တာဝန်ခံမှု မရှိရခြင်းကြောင့် ပေါ်ပေါက်ရသည့် ပြဿနာများ

2013 Resource Governance Index ဖော်ပြချက်အရ နိုင်ငံပိုင်လုပ်ငန်း ၄၅ ခုအနက်မှ ၃၃ ခုသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု များ ခိုင်မာစွာမရှိဟု ယူဆရသည်။




## မြန်မာနိုင်ငံ၏ အခွန်ဝင်ငွေမဟာဗျူဟာ ပြုစုရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များ။

ပုံ ၁၊ နိုင်ငံပိုင်လုပ်ငန်းများ စီမံအုပ်ချုပ်မှုပုံစံ
ကိုးကား - 2013 Resource Governance Index

နိုင်ငံပိုင်လုပ်ငန်းများအနေနှင့် ထိရောက်အောင်မြင်လာစေရန်၊ တာဝန်ခံမှုတိုးတက်လာပြီး ဆုံးရှုံးမှုများ လျော့ချနိုင်ရန်အတွက် ဆောင်ရွက်နိုင်သည့်
နည်းလမ်းများစွာရှိသည်။

- နိုင်ငံပိုင်ကုမ္ပဏီနှင့် အခြားဌာနများကြားမှ တာဝန်ခွဲဝေမှုကို ဥပဒေဖြင့် တိတိကျကျပြဌာန်းထားပြီး စင်ပြိုင်ဖြစ်ခြင်း ထပ်နေခြင်းမျိုးမရှိအောင် ဆောင်ရွက်ရမည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် စီးပွားရေးကိစ္စ အပြင်အခြားကိစ္စများတွင် ပါဝင်ရမည်ဆိုပါက ဥပမာ - ဖက်စပ်ကုမ္ပဏီများ၏ ဥပဒေလိုက်နာမှုကို စောင့်ကြည့်ရခြင်းမျိုးရှိခဲ့လျှင် ထိုတာဝန်များနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု ရှိရှိပြဌာန်းထားရမည်။

- နိုင်ငံပိုင်လုပ်ငန်းများသည် ရရှိလာသည့်ဝင်ငွေ၊ အသုံးစရိတ်၊ ထုတ်လုပ်မှု၊ ရံပုံငွေ၊ အစိုးရ ဘဏ္ဍာမှ ငွေ အထုတ် အသွင်း နှင့် လမ်းတံတားဆောက်ခြင်းကဲ့သို့သော ငွေကြေးစိုက်ထုတ်ဆောင်ရွက်သည့် ကိစ္စရပ်များ အစရှိသည့် ကိစ္စကြီးငယ်တိုင်းအတွက် အစီရင်ခံစာ တင်ပြရမည်ဟု ၂၀၁၃ EITI သတ်မှတ်ချက်တွင်ဖော်ပြထားသည်။ ငွေကြေးသုံးစွဲမှု အဝဝ အတွက် ပြင်ပစာရင်းစစ်များ၏ စစ်ဆေးမှုကိုခံရမည်ဖြစ်ပြီး စစ်ဆေးမှုရလဒ်ကိုလည်း ပြင်သို့ထုတ်ပြန်ရမည်။
- နိုင်ငံပိုင်ကုမ္ပဏီများ၏ ဘုတ်အဖွဲ့များသည် ကျွမ်းကျင်မှုအရည်အသွေးပေါ်အခြေခံကာ ရွေးချယ် ခြင်းမျိုးဖြစ်ရမည်။ နိုင်ငံရေးအကျိုးအမြတ်အတွက်အသုံးချခြင်းမရှိစေရ။ ဆုံးဖြတ်ချက်များကို လွတ်လပ်စွာချမှတ်နိုင်ရမည်။
- နိုင်ငံပိုင်လုပ်ငန်းများသည် ရေရှည်စီးပွားရေးမဟာဗျူဟာများချမှတ်ထားသင့်သည်။ ထိုမဟာဗျူဟာ များအကောင် အထည်ဖော်ရေးကို လွှတ်တော် သို့မဟုတ် အုပ်ချုပ်ရေးဘက်က တာဝန်ခံမှု ရှိရမည်။

## မြန်မာနိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်းများ

၁၉၈၉ တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေကို အတည်ပြုခဲ့သည်။ နိုင်ငံအနေနှင့် နိုင်ငံပိုင်လုပ်ငန်းများမှ တဆင့် ဝင်ရောက်ထိန်းကျောင်းမှုများပြုလုပ်မည့် အဓိကစီးပွားရေးများကို ဖော်ပြထားသည်။ ယင်းလုပ်ငန်း များသည် ပြည်သူ့ဘဏ္ဍာများကို စီမံရာတွင် အတိုင်းအတာတခုထိအာဏာသက်ရောက်သည်။ ဇယား၃ တွင် ဖော်ပြထားသည့်အတိုင်း ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်ကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများသည် ၂၀၁၂- ၂၀၁၃ ပြည်သူ့ ဘဏ္ဍာဝင်ငွေ ၂၈ ရာခိုင်နှုန်း၊ ပြည်သူ့အသုံးစရိတ် ၁၅ ရာခိုင်နှုန်းကို ကိုင်တွယ်စီမံခဲ့သည်။

| လုပ်ငန်းအမည် | ဆောင်ရွက်သည့် လုပ်ငန်းများ | ပြည်သူ့ဝင်ငွေ ရာခိုင်နှုန်း | ပြည်သူ့အသုံးစရိတ် ရာခိုင်နှုန်း |
|---|---|---|---|
| မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း (MOGE) | ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ခြင်း | ၁၅.၈၄% | ၁၀.၁၇% |
| မြန်မာ့ရေနံဓာတုလုပ်ငန်း (MPE) | ရေနံသန့်စင်ခြင်း၊ ကုန်ချော ထုတ်ခြင်း၊ မြေသြဇာ၊ မက်သနော အဖြစ်ပြောင်းခြင်း | ၅.၃၄% | ၁.၉၉% |
| မြန်မာ့ရေနံထွက်ကုန်လုပ်ငန်း (MPPE) | ရေနံထွက်ကုန်များ ဈေးကွက် တင်ခြင်း ဖြန့်ဖြူးခြင်း | ၅.၂၂% | ၁.၄၄% |
| အမှတ် ၁ သတ္တုလုပ်ငန်း | ခဲ၊ သွပ်၊ ငွေ၊ ကြေးနီ၊ သံ၊ ခနောက်စိမ်း၊ နီကယ်၊ ခရိုမိုက် | ၀.၀၈% | ၀.၀၂% |
| အမှတ် ၂ သတ္တုလုပ်ငန်း | ရွှေ၊ သံဖြူ၊ အဖြိုက်နက်၊ တိုက်တေနီယမ်၊ လက်တီနီယမ်၊ | ၀.၂၅% | ၀.၂၃% |
| အမှတ် ၃ သတ္တုလုပ်ငန်း | ကျောက်မီးသွေး၊ ထုံးကျောက်၊ စက်မှုတွင်းထွက်များ၊ မဂ္ဂနိစ်၊ အလှဆင်ကျောက်တုံး | ၀.၀၄% | ၀.၀၄% |
| မြန်မာကျောက်မျက်ရတနာ လုပ်ငန်း | ကျောက်မျက်ရတနာ | ၁.၆၂% | ၁.၁၃% |
| မြန်မာဆားနှင့် အဏ္ဍဝါဓာတု လုပ်ငန်း | ဆားနှင့် အဏ္ဍဝါဓာတုလုပ်ငန်း | ၀.၀၃% | ၀.၀၀% |
| မြန်မာ့ပုလဲလုပ်ငန်း | ပုလဲ | ၀.၀၄% | ၀.၀၂% |
| Total | | ၂၈.၄၆% | ၁၅.၀၂% |

ဇယား ၃။ တွင်းထွက်ကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများ၏ ပြည်သူ့ဘဏ္ဍာ ဝင်ငွေနှင့် အသုံးစရိတ်ပြဇယား ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်

နိုင်ငံပိုင်လုပ်ငန်းများ၏ အဓိကငွေဝင်ပေါက်မှာ ကုန်စည်ခွဲတမ်း နှင့် ပူးတွဲအကောင်အထည်ဖော်ရေး စာချုပ်များမှရရှိခြင်းဖြစ်သည်။ နိုင်ငံက ရရှိမည့် ရှယ်ယာအမြတ်များ ခွဲတမ်းများကို ၎င်းတို့က လက်ခံ ပေးခြင်းဖြစ်သည်။ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းတွင် ၄၀ - ၆၀ ရာခိုင်နှုန်း၊ သတ္တုလုပ်ငန်းတွင် ၃၅ ရာခိုင်နှုန်း၊ အစိုးရထုတ်ပြန်ထားသည့်အတိုင်း လုပ်ငန်းရှင်များက ပေးသွင်းရခြင်းဖြစ်သည်။ ထုတ်လုပ်ရေးအပိုဆိုကြေး များ၊ လေ့ကျင့်ရေးနှင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ ခေါင်းစဉ်များအတွက် ပေးသွင်းမှုများ (MOGE လုပ်ရည်ကိုင်ရည် တိုးတက်ရန်အတွက် ရည်ရွယ်သည်)။ အခွန်ဝင်ငွေကောက်ယူစုဆောင်းခြင်းနှင့် ဈေးကွက် တင်ခြင်း အပြင် နိုင်ငံပိုင်လုပ်ငန်းများသည် လိုင်စင်ချထားပေးရေးတွင် အဓိကနေရာမှ ပါဝင် သည်။ လုပ်ငန်းဆောင်ရွက်ချက်များ ဥပဒေနှင့်ညီမညီစောင့်ကြည့်ရာတွင်လည်း အရေးကြီး နေရာမှ ပါဝင်သည်။ စီးပွားရေးဆိုင်ရာဆောင်ရွက်နိုင်မှုစွမ်းရည်တိုးတက်လာအောင်လည်း ဆောင်ရွက်သည်။

နိုင်ငံတော်က တရားဝင်ဖွဲ့စည်းထားသည့် နိုင်ငံပိုင်လုပ်ငန်းများအပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့သည်လည်း စစ်တပ်နှင့် ပြည်သူ့အရာထမ်း အမြောက်အများပါဝင် ထိန်းချုပ် ထားသည့် လုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်း ၂ ခုသည် ရတနာတူးဖော်ရေးနှင့် သစ်ထုတ်လုပ်မှု များတွင် အစိုးရ၏မဟာဗျူဟာကို အဓိက အကောင်အထည်ဖော်သူများဖြစ်သည်ဟု ယုံကြည်ရသည်။

နိုင်ငံစီးပွားရေးတွင် အရေးပါသည့်နေရာတွင်နေရာယူလွှမ်းမိုးထား၊ ရှုပ်ထွေးလှသည့် ရေနံ၊ တွင်းထွက်ကဏ္ဍ စီမံမှုများကိုအကောင်အထည်ဖော်နေကြသော်လည်း မြန်မာနိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စွမ်းဆောင်ထားချက်များနှင့် ပက်သက်ပြီး အများပြည်သူသို့ တင်ပြအစီရင်ခံမှု မှာ အလွန်နည်းသည်။ ၂၀၁၃ Resource Governan -ce Index က နိုင်ငံတကာမှ နိုင်ငံပိုင်လုပ်ငန်း ၄၄ ခုကို ပွင့်လင်းမြင်သာမှု တာဝန်ခံမှု ဆန်းစစ် မှုများပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှာ အဆင့် ၄၃ သတ်မှတ်ခံခဲ့ရသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအောက်တွင် တာမင်စတန်နိုင်ငံမှ Turkmengas သာရှိတော့သည်။ အခြား ထုတ်ပြန်သင့် သည့်သတင်းအချက်အလက်များကိုထုတ်ပြန်ခြင်းမပြုသည့်အပြင် ထုတ်ယူနိုင်သည့်ပမာဏမည်မျှရှိသည်၊ ထုတ်ယူမှုပမာဏ၊ နိုင်ငံကိုယ်စားရောင်းချသည့်ပမာဏ၊ ကုန်ထုတ်စရိတ်၊ အသုံးစရိတ်၊ အဆောက် အဦ အတွက် အသုံးစရိတ်များနှင့် စာရင်းစစ်လုပ်ငန်းများနှင့် ပတ်သက်ပြီး ပြင်သို့ထုတ်ပြန်ခြင်းလုံးဝမရှိပါ။

တွင်းထွက်တူးဖော်ရေးကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများ၏ ပြင်ပသို့သတင်းထုတ်ပြန်မှုမှာ MOGE ထက်ပင် နည်းပါသေးသည်။ လိုင်စင်ချထားပေးရာတွင် ၎င်းတို့၏ အခန်းကဏ္ဍ၊ အခွန်ဝင်ငွေ စုဆောင်းကောက်ယူပုံ သို့မဟုတ် ဒေသအကျိုးအတွက် မည်သို့စီမံသည်များကို သိရှိသူအနည်းငယ်သာရှိသည်။ ၎င်းတို့ ပါဝင်လုပ်ကိုင်သည့် ဖက်စပ်လုပ်ငန်းများနှင့် ပတ်သက်ပြီး အသေးစိတ်ထုတ်ပြန်မှုများမရှိသလောက်ဖြစ် သည်။ အခွန်ဝင်ငွေ၊ အသုံးစရိတ် ဆပ်ကန်ထရိုက်တာများနှင့် ငွေပေးငွေယူကိစ္စများကိုလည်း ထုတ်ပြန်ခြင်းမရှိဟု ဆိုနိုင်သည်။ ထိုကဲ့သို့ မှုန်ဝါးဝါးနှင့် ဝါးချသည့် အကျင့်စရိုက်များသည် ယင်းလုပ်ငန်းများကို ထိရောက်စွာ အုပ်ချုပ်စီမံနိုင်ရန်အတွက် အတားအဆီးဖြစ်စေသည်။

## ထိရောက်အကျိုးများသော နိုင်ငံ၏ပါဝင်လုပ်ကိုင်မှုများဖြစ်ပေါ်လာစေရန် လွှတ်တော်က ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ

ဥပဒေပြုသူများအခန်းကဏ္ဍမှနေ၍ လွှတ်တော်သည်အောက်ဖော်ပြပါနည်းများကို အသုံးပြုပြီး ထိရောက်အောင်မြင်သော နိုင်ငံပါဝင်လုပ်ကိုင်မှုကိုဆောင်ရွက်နိုင်သည်။

- အုပ်ချုပ်ရေး ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများအပါအဝင် အစိုးရ ဌာနအချင်းချင်း သို့မဟုတ် နိုင်ငံနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအကြား နားလည်မှုလွဲစေသည့် ရေနံ၊ဓာတ်ငွေ၊ သတ္တုတွင်းဥပဒေများကို စုစည်းပြင်ဆင်ခြင်း၊ ဥပဒေတခုနှင့်တခု အတိုက်အခံဖြစ်နေမှုများ ပြင်ဆင်ခြင်း
- နိုင်ငံပိုင်လုပ်ငန်းများတည်ထောင်ခြင်းဆိုင်ရာ ဥပဒေများရေးဆွဲခြင်း။ ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်း ဥပဒေများ၏ ထပ်တိုးဥပဒေ အဖြစ်နှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် အစီရင်ခံစာတင်ပြပုံများကို အသေးစိတ်ဖော်ထုတ်ပြဌာန်းထားသည့် ဥပဒေ
- အခွန်ဥပဒေများ - နိုင်ငံက ရရှိသည့် အခွန်ဘဏ္ဍာပမာဏနှင့် တိုက်ရိုက်ချိတ်ဆက်နေသည်။ နိုင်ငံ အမြတ်ရှယ်ယာ သို့မဟုတ် ဒေသအကျိုးဆောင်ရွက်မှု တို့နှင့် တိုက်ရိုက် သက်ဆိုင်မှုမရှိသော်လည်း ကုမ္ပဏီများနှင့် အစိုးရကြားမှ အကျိုးအမြတ်အစုစု၏ မျှချေကို ပုံဖော်သည်။ ယင်းအချက်သည် အမြတ်ရှယ်ယာ ဒေသခံများ ပိုင်ဆိုင်ခွင့်နှင့် အထူးပက်သက်နေသည်။
- စာချုပ်ပေါ်တွင် အမြတ်ရှယ်ယာ ခံစားခွင့် နှင့် ပတ်သက်ပြီး အပြည့်အစုံဖော်ပြစေခြင်း။ စာချုပ်များကို လွှတ်တော်က အတည်ပြုရသည့်နိုင်ငံများတွင် အသုံးပြုနိုင်သည်။

## လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းနိုင်သည့် အခွင့်အာဏာကိုအသုံးပြုပြီး

- ငွေကြေးလည်ပတ်ခြင်းတွင် ၎င်းတို့၏ စွမ်းဆောင်ရည်၊ စွမ်းဆောင်ရည် တိုးတက် အောင်ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာမှုများတွင် တာဝန်ခံမှုများ ရှိလာစေရန်အတွက် နိုင်ငံပိုင်လုပ်ငန်းများအနေနှင့် ပုံမှန်အစီရင်ခံစာထုတ်ပြန်ရန်အတွက် ဖိအားပေးခြင်း။
- နိုင်ငံစီးပွားရေး၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးများပေါ် ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်ကဏ္ဍများ၏ သက်ရောက်မှုအစုစုကို အချိန်မှန် ဆန်းစစ်ခြင်း။ နိုင်ငံပါဝင်လုပ်ကိုင်ရေးမူဝါဒများ အလုပ်မဖြစ်ပါက ပြင်ဆင်ရန် ဆောင်ရွက်ခြင်း။

## လွှတ်တော်အမတ်များမေးသင့်သည့် မေးခွန်းများ

- နိုင်ငံက အမြတ်ခံစားခွင့်ရှိသည်ဆိုပါတော့။ ဝယ်ယူခြင်းဖြင့်ရယူသလား၊ ခုနှိမ်ခြင်းလား သို့မဟုတ် အဖိုးစားနားမပေးပဲ ရယူခြင်းလား။ အမြတ်ခံစားခွင့်ရရန်အတွက် ဖြည့်ဆည်းရမည့်တာဝန်များ အတွက် အသုံးစရိတ်မည်မျှရှိသနည်း။ မည်မျှသုံးထားသနည်း။ အမြတ်ဘယ်လောက် ပြန်ရမလဲ။
- အမြတ်ခံစားခွင့်ဟုဆိုရာတွင် ကုန်စည်ခွဲတမ်းပါဝင်ပါသလား သို့မဟုတ် အမြတ်ထွက်မှ ခံစားရမည့် သတ်မှတ်ချက်ရှိသလား။
- နိုင်ငံက အမြတ်ခံစားရမည့်အစီအစဉ်သည် လုပ်ငန်းများစောင့်ကြည့်ရေး၊ စွမ်းရည်မြင့်တင်ရေး အစရှိသည့် ရည်မှန်းချက်များနှင့် အစိုးရ၏ ပေးရန်တာဝန်များ၊ စီးပွားရေးအရ အပေး အယူလုပ်ရမည်များ အကြား မျှမျှတတညှိနှိုင်းပေးနိုင်မှု ရှိပါရဲ့လား။
- နိုင်ငံပိုင်ကုမ္ပဏီများအနေဖြင့် ၎င်းတို့လုပ်ရပ်များပေါ် တာဝန်ခံမှုရှိစေရန် ကြပ်မတ်သည့် လုပ်ငန်း စဉ်ချထားမှုများရှိပါသလား။

## ဆက်လက်လေ့လာရန်

ဆက်လက်ဖတ်ရှုရန်

ရွေးချယ်စရာ၊ အခက်အခဲများ၊ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည့် စာတမ်းများကို နိုင်ငံသားအခွင့်အရေး လှုပ်ရှားသည့် အုပ်စုများ သို့မဟုတ် လွှတ်တော်ဝန်ထမ်းများကို ပြင်ဆင်စေပါ။ အခြားနိုင်ငံများမှ နိုင်ငံပိုင်လုပ်ငန်းများကိုကြီးကြပ်နေရသည့် လွှတ်တော်အမတ်များကို ဆက်သွယ်ပြီး ၎င်းတို့ အတွေ့အကြုံများကိုမေးမြန်းပါ။ NGRI မှ ထုတ်ဝေသည့် (နိုင်ငံပိုင်ရေနံပိုင်ကုမ္ပဏီများကို ပြုပြင်ပြောင်းလဲခြင်း - အကြံပေးချက် ကိုးသွယ်) ကို Reforming National Oil Companies: Nine Recommendations" လေ့လာနိုင်ပါသည်။ နိုင်ငံပိုင် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ပတ်သက်ပြီး Resource Governance Index. က ပြုလုပ်ထားသည့် သုံးသပ်ချက်ကိုလေ့လာနိုင်ပါသည်။ နိုင်ငံပိုင်လုပ်ငန်းများအကြောင်းကို အထူးပြုဖော်ပြထားသည့် သဘာဝသယံဇာတကျင့်ထုံးမှ ဥပဒေသ ၆ ကိုလေ့လာနိုင်ပါသည်။

စာစဉ်များ

နည်းပညာအရရှုပ်ထွေး၊ သာမန်လူနားမလည်နိုင်လောက်အောင် အလှမ်းဝေးသည့် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းလုပ်ငန်းများအတွက် ထိထိရောက်ရောက် စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ဥပဒေပြုခြင်း၊ ဖွင့်ပြအသိပေးခြင်းတို့ လိုအပ်သည်။ နိုင်ငံများအနေနှင့် တွင်းထွက်ကဏ္ဍမှ ရရှိသည့်အကျိုးအမြတ်များကိုအမြင့်ဆုံး ပမာဏဖြင့် ရရှိနိုင်ရန်အတွက် လွှတ်တော်က ဝင်ရောက်ထိန်းကျောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် NGRIသည် လိုအပ်သည့်သတင်းအချက်အလက်များပံ့ပိုးပေးလျက်ရှိသည်။ လွှတ်တော်နှင့်ဆိုင်သည့် စာတမ်းငယ်များကို www. revenuewatch.org/parliaments တွင် ရယူဖတ်ရှုနိုင်သည်။

လွတ်လပ်သော ပရဟိတ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် သဘာဝသံယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှုအကြံပေးအဖွဲ့သည် လက်တွေ့အသုံးချ သုတေသနနှင့် စွမ်းအားစုများဖွံ့ ဖြိုးတိုးတက်စေရေး၊နည်းပညာဆိုင်ရာ အကြံဉာဏ်များ နှင့် အထောက်အကူပေးမှုများဆီသို့ တီထွင်ဖန်တီးမှုရှိရှိ ချဉ်းကပ်မှုတို့ မှတဆင့် ၎င်းတို့ တိုင်းပြည်မှ ထွက်သော ရေနံ၊ဓာတ်ငွေ့ နှင့် သတ္တုတွင်းထွက်ပစ္စည်းများ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ကူညီပေးပါသည်။ ထပ်ပြီးလေ့လာရန်- www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development